## ၁၂။ စက်ဝိုင်းမီလီဂျပိုး/ပိုးစေးနဲ့

**Spherical mealybug : *Nipaecoccus viridis* (Newstead, 1894)**

**Hemiptera : Pseudococcidae**

**ဖျက်ကောင်ပုံသဏ္ဍာန်များ**

 

ဥများသည် ခရမ်းရင့်ရောင်ရှိပြီး အဝါရောင်မှအဖြူရောင်ရှိသော ဥအိပ်အတွင်းတွင် ဥများကိုဥသည်။ အကောင်ကြီးအမတတွင် အဖြူရောင်အစေးများဖြင့်ဖုံးအုပ်ထားပြီး နှုတ်ခမ်းသားပတ်လည်တွင် ထိုးထွက်နေသော တိုသောအမျှင်များပါသည်။ ခန္ဓာကိုယ်သည် ခရမ်းရောင်ဖြစ်ကြောင်းကို အကောင်များအားလက်ဖြင့်ညှစ်ကြည့်ပါက တွေ့မြင်နိုင်သည်။ အကောင်ကြီးအထီးတွင် ကောင်းမွန်စွာဖွံ့ဖြိုးသော ခြေထောက်များ၊ ဥမှင်များ၊ လိင်အင်္ဂါများနှင့် အတောင်ပံတစ်စုံပါရှိသော်လည်း ပါးစပ်အစိတ်အပိုင်းမပါရှိပါ။အထီးတို့၏ သက်တမ်းသည် တိုသည်။

**ဖျက်ဆီးပုံလက္ခဏာများ**



များပြားစွာကျရောက်ပါက အပင်ပုခြင်းအားဆိုးဝါးစွာဖြစ်ပေါ်စေသည်။ ကိုင်းများနှင့် အရွက်များပေါ်တွင် အဖြူရောင်ဝါဂွမ်းကဲ့သို့အမျှင်များဖြင့်ဖုံးအုပ်ထားတတ်သည်။ အသီးများ

တွင် ကျရောက်ပါက အသီးများပေါ်တွင် ပဲစေ့ကဲ့သို့ဖောင်းနေပြီး အဝါရောင်သို့ ပြောင်းသွားသည်။ နောက်ပိုင်းတွင် အမဲရောင်သို့ပြောင်းကာ အပင်ပေါ်မှ ပြုတ်ကျသွားကြသည်။ ကြီးသောအသီးများတွင်ကျရောက်ပါက အသီးမျက်နှာပြင်ပေါ်တွင် ကပ်စေးနဲ့ပိုးများ အစုအဝေးလိုက်တွေ့ရတတ်ပြီး အဝါရောင်အစက်များဖြစ်ပေါ်စေသည်။ ရင့်သောအသီးများ တွင်ကျရောက်ပါက စားသောက်ဖျက်ဆီးခံရသော ဧရိယာသည် လုံးဝအဝါရောင်ဖြစ် သွားသည်။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥအဆင့် | -(၁၀-၁၃)ရက် |
| ပိုးမမည်အဆင့် | - (၃၁-၄၃)ရက် |
| အကောင်ကြီး အဆင့် | -(၂-၇၈)ရက် |

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁)အသီးများအားအိတ်ဖြင့်စွပ်ခြင်းသည် ၄င်းဖျက်ပိုးကျရောက်မှုကို မြင့်မားစေသဖြင့် ရှောင်ကြဉ်ပါ။

(၂)စိုက်ခင်းအနီးရှိ ပေါင်းမြက်များအား ရှင်းလင်းပါ။

ဖျက်ပိုးစတင်ကျရောက်သည်ကို တွေ့ရှိပါက ပြင်းထန်စွာကျရောက်နေသော အကိုင်းအခက်များအား ဖြတ်၍ ချက်ချင်းမီးရှို့ ဖျက်ဆီးပါ။

(၃) မီလီဂျပိုး (ပိုးစေးနဲ့) များသည် တစ်နေရာ မှ တစ်နေရာသို့ ထိဆက်နေသော သစ်ကိုင်းများမှ တဆင့် လမ်းလျှောက်ကူးစက်နိုင်သောကြောင့် ကိုင်းကျပ်ကိုင်းညှပ်များ နှင့် တစ်ပင်နှင့်တစ်ပင် ထိဆက်နေသော ကိုင်းများအား ခုတ်ထွင်ရှင်းလင်းပါ။

(၄)သဘာဝသားရဲအင်းဆက်များအား ထိန်းသိမ်းကာကွယ်ပါ။

(၅)အလွန်ဆိုးရွားစွာ ကျရောက်ပါက ထိသေစားသေ (သို့) ပင်လုံးပြန့် အာနိသင်ရှိ ပိုးသတ်ဆေးတစ်မျိုးမျိုးကို ဆေးအညွှန်းအ တိုင်းပက်ဖျန်းပါ။ (သို့) mineral oil နှင့် ရောစပ်၍ ဖြစ်စေပက်ဖျန်းကာကွယ်နှိမ်နင်းပါ။ ပိုးသတ်ဆေးများကို အသုံးပြုပါက အညွှန်း တွင် ဖော်ပြထားသည့် မခူးဆွတ်မီစောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ၍စနစ်တကျခူးဆွတ်ပါ။

- ဒိုင်မီသိုအိတ် (Dimethoate)
- စပီရိုတတ်ထရာမက် (Spirotetramat)
- ကာဘာရိုင်း (Carbary)
- ဘူပရိုဖီဇင်(Buprofezin)
- ဘိုင်ဖန်သရင်(Bifenthrin)